**JUSTICE FOR MYANMAR**

# မြန်မာစစ်တပ်အတွင်း စနစ်တကျ ဖြစ်ပွားနေသော အကျိုးစီးပွားပဋိပက္ခနှင့် ဆိုးရွားသော အကျင့်ပျက်ခြစားမှု

*Justice for Myanmar မှ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုလုပ်ရန် တောင်းဆိုလိုက်သည်။*

**ဇွန်လ ၁၇ ရက်၊ ၂၀၂၀ခုနှစ်။ မြန်မာနိုင်ငံ**

အများနှင့်သက်ဆိုင်သော မြန်မာ့စီးပွားရေးဦးပိုင် ကုမ္ပဏီလီမိတက် **(မြန်မာ့စီးပွားရေးဦးပိုင်)** မှ ဒါရိုက်တာများ အနေဖြင့် မြန်မာစစ်တပ်တွင် အဓိကကျသော ရာထူးများ ဆက်လက်ရယူထားခြင်းသည် ကြီးမားသည့် အကျင့်ပျက်ခြစားမှုအန္တရာယ်နှင့် အတူ ဆိုးရွားသည့် အကျိုးစီးပွါး ပဋိပက္ခကို ဖြစ်ပေါ်နေစေပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အဓိက လိုအပ်ချက်အဖြစ် ဖော်ပြလျက်ရှိသည်။

မြန်မာ့စီးပွားရေးဦးပိုင်၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် မြန်မာစစ်တပ်အတွင်း လက်ရှိတာဝန်ထမ်းဆောင်နေဆဲဖြစ်သော အုပ်ချုပ်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ထောက်ပံ့ရေးနှင့် တရားရေးဆိုင်ရာ ကိစ္စရပ်များအား တာဝန်ရှိသည့် ထိပ်တန်းအကြီးအကဲအရာရှိကြီးများက လွှမ်းမိုးထားသည်။ မြန်မာ့စီးပွားရေးဦးပိုင်၏ ဒါရိုက်တာများအနေဖြင့် အမှီအခိုကင်းသော အရပ်ဘက်ဆိုင်ရာ ကြီးကြပ်မှု လုံးဝမရှိဘဲ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုရာတွင် ပါဝင်ရသည့် စစ်တပ်အတွင်း အဆင့်မြင့် ရာထူးတာဝန်များ* ရယူထားချိန်တွင် ၎င်းတို့၏ စီးပွားရေးဆက်စပ်မှုများမှတဆင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးအမြတ်များ ရနေသည်။

မြန်မာ့စီးပွားရေးဦးပိုင်၏ စီမံခန့်ခွဲမှု ဒါရိုက်တာတစ်ဦးဖြစ်သူ ဗိုလ်ချုပ် ခင်မောင်သန်းသည် စစ်လက်နက်များအပါအဝင် ပစ္စည်းများ ဝယ်ယူရေးအတွက် တာဝန်ယူဆောင်ရွက်ရသည့် မြန်မာစစ်တပ်၏ တပ်မတော်ပစ္စည်းဝယ်ယူရေးဌာန ညွှန်ကြားရေးမှူးတစ်ဦးလည်း ဖြစ်သည်။

အလားတူပင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း **(MEC)** ၏ ဥက္ကဌလည်းဖြစ်၊ မြန်မာ့စီးပွားရေးဦးပိုင် **(MEHL)** ၏ နာယကအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သော စစ်ထောက်ချုပ်သည် စစ်တပ်တွင် စစ်လက်နက်ပစ္စည်းများအပါအဝင် စစ်ဘက်ဆိုင်ရာ ထောက်ပံ့မှုများ၏ တာဝန်ခံဖြစ်ပြီး

JUSTICE
FOR
MYANMAR

မြန်မာနိုင်ငံ၏ ပြည်ထောင်စုဘတ်ဂျက်၏ အဓိက အစိပ်အပိုင်းဖြစ်သော ထောက်ပံ့ရေးဘတ်ဂျက်ကို စီမံခန့်ခွဲရသူဖြစ်သည်။ ဒုဗိုလ်ချုပ်ကြီး ကျော်စွာလင်းအား စစ်ထောက်ချုပ်အဖြစ် မေလတွင် ခန့်အပ်ခဲ့ပြီး ဒုဗိုလ်ချုပ်ကြီး ညိုစောထံမှ တာဝန်လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာစစ်တပ်၏ ဝန်ထမ်းအုပ်ချုပ်ရေးအရာရှိချုပ်ဖြစ်သည့် စစ်ရေးချုပ်သည် မကြာသေးမီကာလအထိ မြန်မာ့စီးပွားရေးဦးပိုင် နာယကအဖွဲ့၏ တစိတ်တပိုင်း ရာထူးတာဝန်လည်း ဖြစ်သော ဦးပိုင်ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်လည်း နာယကအဖွဲ့ ဦးဆောင်သူ ဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး စိုးထွဋ် အပါအဝင် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များသည် မြန်မာ့စီးပွားရေးဦးပိုင်၏ ရှယ်ယာရှင်များ အဖြစ် အကျိုးအမြတ်များ ရရှိနေသည်။ ဤအချိန်တွင် မြန်မာစစ်တပ်၏ အောက်ခြေ နှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များမှာ ဆိုးရွားသော အခြေအနေတွင် အနည်းဆုံး လစာဖြင့် တာဝန်ထမ်းဆောင်နေကြရသည်ဟု သိရှိရသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “ *ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ခင်မောင်သန်း နဲ့ အခြားစစ်ဗိုလ်ချုပ်တွေဟာ ပြည်သူ့ဝန်ထမ်းတွေ ဖြစ်ရမှာ ဖြစ်ပြီး အရပ်ဘက် ထိန်းချုပ်မှုအောက်မှာ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ရမှာ ဖြစ်တယ်။ အခုတော့ အဲဒီ့အစား ဒီမိုကရေစီနည်းကျ ကြီးကြပ်မှုတွေ မရှိဘဲနဲ့ သူတို့ရဲ့ ပြည်သူ့ဝန်ထမ်းရာထူးတွေကတဆင့် ပုဂ္ဂိုလ်ရေး အကျိုးအမြတ်တွေ ရရှိခံစားနေကြတယ်။ စစ်တပ် လက်ဝါးကြီးအုပ် ဂိုဏ်းခေါင်းဆောင်တွေရဲ့ အကျိုးအမြတ်အတွက် စစ်တပ်ရဲ့ ဘဏ္ဍာရေးတွေကို စီးပွားရေးလုပ်ငန်းလို စီမံခန့်ခွဲနေတာကို အစိုးရက ဘာလို့ ဆက်လက်ခွင့်ပြုနေတာလဲဆိုတာ ပြည်သူက မေးခွန်းထုတ်ရမယ့် အချိန်ရောက်ပါပြီ။ စစ်တပ်ထဲက အကျိုးစီးပွားပဋိပက္ခဟာ ဆိုးရွားပြီး စနစ်တကျ ဖြစ်နေတယ်၊ ဒါကို ချက်ချင်းအမြန်စုံစမ်းစစ်ဆေးဘို့၊ ပြုပြင်ပြောင်းလဲဘို့၊ ဒီမိုကရေစီနည်းကျ လုပ်ဟန် ပြောင်းလဲဘို့ လိုအပ်တယ်။*” ဟု ပြောဆိုသည်။

မြန်မာစစ်တပ်အနေဖြင့် မြန်မာ့စီးပွားရေးဦးပိုင် စီးပွားရေးလုပ်ငန်းများထံမှ ထောက်ပံ့ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူသည်။ မြန်မာ့စီးပွားရေးဦးပိုင်သည် စစ်တပ်၏လုပ်ငန်းစုကြီး တစ်ခုဖြစ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့အစည်းများ၊

JUSTICE FOR MYANMAR

တာဝန်ထမ်းဆောင်ဆဲ နှင့်စစ်မှုထမ်းဟောင်းများကသာလျှင် အစုရှယ်ယာကို ပိုင်ဆိုင်နိုင်သည်။ မြန်မာ့ စီးပွားရေးဦးပိုင်၏ ကြွယ်ဝမှုအများစုမှာ အများပြည်သူ ပိုင်ဆိုင်မှုများကို အသုံးပြုခွင့်မှ တစ်ဆင့် ရရှိလာခဲ့ခြင်းဖြစ်ပြီး မည်သည့် ပိုင်ဆိုင်မှုများကို မည်သို့ရရှိ ထိန်းသိမ်းထားသည်၊ အကျိုးအမြတ်များ မည်သည့်နေရာသို့ ရောက်ရှိသွားသည် တို့အပေါ် ပွင့်လင်းမြင်သာမှု ဆိုးဆိုးရွားရွား ကွယ်ပျောက်လျက်ရှိပါသည်။ ယခင် မြန်မာ့ အမျိုးသားစာကြည့်တိုက်ကဲ့သို့သော ယဉ်ကျေးမှု အရ၊ သမိုင်းကြောင်းအရ တန်ဖိုးရှိသည့် အချို့သော ပိုင်ဆိုင်မှုများသည်လည်း ဇိမ်ခံ ကွန်ဒိုမီနီယံ အဆောက်အဦး ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံသို့ မြန်မာ့စီးပွားရေးဦးပိုင်မှ နှစ်ရှည်ငှားရမ်းခြင်းကို ခံခဲ့ရသည်။ အချို့ဖြစ်စဉ်များတွင် မြန်မာ့စီးပွားရေးဦးပိုင်သည် အများပြည်သူနှင့်သက်ဆိုင်သော ကန်ထရိုက်လုပ်ငန်းများရရှိရန်၊ အကျိုးအမြတ်ဖြစ်ထွန်းရန် အတွင်းသတင်းများကို အသုံးပြုခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြန်မာ့စီးပွားရေးဦးပိုင်၏ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းခွဲ တစ်ခုဖြစ်သည့် Myanmar Land and Development Ltd. ကို နေပြည်တော်တွင် ဝန်ထမ်းအိမ်ရာနှင့် ဝန်ကြီးဌာနများ ဆောက်လုပ်ရေး အပါအဝင် လျှို့ဝှက် ကန်ထရိုက်စာချုပ်များ ရရှိရန် ထူထောင်ခဲ့ခြင်း ဖြစ်သည်။

**မရတနာမောင်က** "*အကျိုးအမြတ် ရရှိခြင်းက မြန်မာစစ်တပ်ကို ရောဂါပိုးလို ကူးစက်ပျံ့နှံ့နေတယ်။ အာဏာကို ထိန်းချုပ်ထားဘို့နဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေကို ပိတ်ဆို့ဖို့ ကြောင်းကျိုးပြချက် ပေးနေတဲ့ ပြည်တွင်းစစ်မီး ဆက်လက်တောက်လောင်နေဖို့ မြန်မာစစ်တပ်ခေါင်းဆောင်တွေမှာ ဘဏ္ဍာရေးဆိုင်ရာ မက်လုံးတခုလဲ ရှိနေတယ်၊ အဲဒီလိုမှ သူတို့က အကျိုးအမြတ် ဆက်လက် ရရှိနိုင်မယ်။ ဒီလိုလုပ်ရင်းနဲ့ တိုင်းရင်းသားဒေသတွေမှာ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်ကို ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို ဆက်လက်ကျူးလွန်နေကြတယ်။ သူတို့အာဏာကို ဆက်လက် ထိန်းသိမ်းထားနိုင်မှ သူတို့ရဲ့ စီးပွားရေးကို သူတို့ကာကွယ်နိုင်မယ်၊ မြန်မာပြည်သူလူထုကတော့ ဆုံးရှုံးနေမယ်။ ဒီ အကျင့်ပျက်ခြစားမှုဟာ ရာဇဝတ်မှုဘဲ၊ ဒါမျိုးကို အရေးယူရမယ်။*" ဟု ရှင်းပြသည်။

လက်ရှိစစ်ဘက်ဆိုင်ရာတရားရေးစနစ်မှာ သမိုင်းကြောင်းနှင့်ချီ၍ စနစ်တကျ အမြစ်တွယ်နေသည့် အကျိုးစီးပွားပဋိပက္ခနှင့် ထိန်းညှိခြင်းခံထားနေရသောကြောင့် စစ်တပ်အတွင်း အကျင့်ပျက်ခြစားမှုကို အရပ်ဘက်ဆိုင်ရာ ဥပဒေအောက်တွင် စုံစမ်းဖော်ထုတ်အရေးယူရန် Justice For Myanmar က တောင်းဆိုလိုက်သည်။ စစ်တပ်ဥပဒေပိုင်းဆိုင်ရာ အဓိက အရာရှိကြီးနှစ်ဦးဖြစ်သည့် တပ်မတော် စုံစမ်းစစ်ဆေးရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးအေးဝင်းနှင့်

JUSTICE FOR MYANMAR

စစ်ဥပဒေချုပ် ဒုဗိုလ်ချုပ်ကြီးအောင်လင်းဒွေးတို့မှာ မြန်မာ့စီးပွားရေးဦးပိုင် ၏ ဘုတ်အဖွဲ့ဝင်များဖြစ်ကြသည်။ စစ်ဥပဒေချုပ်သည် စစ်ဘက် ဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ပေးရသူ ဥပဒေအရာရှိ အကြီးအကဲ ဖြစ်ပြီး စုံစမ်းစစ်ဆေးရေး အရာရှိချုပ်မှာ ဌာနတွင်း စာရင်းစစ်ဆေးမှုများနှင့် စုံစမ်းစစ်ဆေးမှုများအတွက် အဓိကတာဝန်ရှိသူလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့စီးပွားရေးဦးပိုင်၏ လုပ်ပိုင်ခွင့်အာဏာမှာ စစ်ဆေးခံရခြင်းမရှိဘဲ အများပြည်သူသို့ ပွင့်လင်းမြင်သာမှု သို့မဟုတ် တာဝန်ယူ တာဝန်ခံမှုကင်းမဲ့စွာ လည်ပတ်လျက် ရှိပါသည်။

**မရတနာမောင်** က *“အခုလို စနစ်တကျ အကျင့်ပျက်ခြစားမှုကရတဲ့ အကျိုးအမြတ်ဖြစ်ထွန်းမှုတွေက စစ်တပ်ရဲ့ ခေါင်းဆောင်ပိုင်းကို မျိုးဆက်နဲ့ချီပြီး ကူးစက်ပျံ့နှံ့နေခဲ့တာဟာ တမူထူးခြားလှပါတယ်။ မြန်မာ့စီးပွားရေးဦးပိုင် ရဲ့ စီးပွားရေးလုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ ပေါ်စကို (Posco) နဲ့ ကီရင် (Kirin) တို့လို ကုမ္ပဏီတွေကလဲ ဒီ စနစ်တကျ အကျင့်ပျက်ခြစားမှုနဲ့ ရောထွေး ဆက်စပ် နေပါတယ်။ ဒါကို ရပ်ဆိုင်းပစ်ရမှာ ဖြစ်ပါတယ်။ မြန်မာစစ်တပ်နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီအားလုံးဟာ စစ်တပ်နဲ့ စီးပွားရေးဆောင်ရွက်နေမှုတွေကို ချက်ခြင်းရပ်ဆိုင်းသင့်ပါတယ်။ မြန်မာ့စီးပွားရေးဦးပိုင်ဟာ သာမန်ကုမ္ပဏီတစ်ခုမဟုတ်ဘဲ စစ်တပ်ကို ရာဇဝတ်ဂိုဏ်းတစ်ခုလို လည်ပတ်ဘို့ အထောက်အအုံ ယန္တရား တစ်ခုသာ ဖြစ်ပါတယ်။ အဲဒါကို အဆုံးသတ်ရမယ်။ မြန်မာစစ်တပ်နဲ့ စီးပွားရေးဆက်စပ်မှု ရှိနေတဲ့ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီအားလုံးအနေနဲ့လဲ ဆက်ဆံမှုတွေကို ချက်ချင်း ဖြတ်တောက်သင့်ပါတယ်။”* ပြောကြားသည်။

**အယ်ဒီတာများသို့မှတ်ချက်**

ကာကွယ်ရေးပစ္စည်း ဝယ်ယူမှု ညွှန်ကြားရေးမှူးရုံး၏ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်မောင်သန်းသည် MEHL ၊ Myanma Five Star Line Co. Ltd. ၊ Kayah State Mineral Production Co. Ltd. ၊ Myanmar Land and Development Ltd. ၊ Myanmar Imperial Jade (Gems & Jewellery) ၊ Myanmar Ruby Enterprise (Gems & Jewelry) Co. Ltd. ၊ Myawaddy Trading Ltd. ၊ Adipati Agricultural Produce Trading Ltd. နှင့် Gandamar International Trading Ltd. တို့ အပါအဝင် အနည်းဆုံး ပုဂ္ဂလိကပိုင် နှင့် အများပိုင် ကုမ္ပဏီ ၁၉ ခု တွင် ညွှန်ကြားရေးမှူး တာဝန်ကို ယူထားသူ ဖြစ်သည်။ မြန်မာစစ်တပ်၏ ပစ္စည်းဝယ်ယူရေး အကြီးအကဲ တယောက်အနေဖြင့် အမှီအခိုကင်းကင်း၊ ဖြောင့်မတ်စွာ ဆောင်ရွက်ရန်

JUSTICE FOR MYANMAR

မျှော်လင့်သင့်သော်လည်း လက်တွေ့တွင် ၎င်း၏ စီးပွားရေးဆက်ဆံမှုများမှ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်များစွာ ရရှိရန် နေရာပေးထားခြင်း ခံနေရပါသည်။

အကျင့်ပျက်ခြစားမှုအား အဆုံးသတ်အောင် လုပ်ဆောင်ရမည့်အစား ဇန်နဝါရီလ ၅ ရက်နေ့ ၂၀၂၀ ခုနှစ်က လွတ်လပ်ရေးနေ့အထိမ်းအမှတ်အတွက် ပြုလုပ်ခဲ့သည့် အခမ်းအနားတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ သမ္မတ ဦးဝင်းမြင့်က ဗိုလ်ချုပ် ခင်မောင်သန်းကို ထူးချွန်စွမ်းဆောင်ရည်အတွက် ဇေယျာကျော်ထင်ဘွဲ့အား ပေးအပ်ခဲ့သည်။ မြန်မာ့စီးပွားရေးဦးပိုင်၏ ဒါရိုက်တာများဖြစ်သည့် အခြားသော စစ်တပ်ထိပ်ပိုင်း ခေါင်းဆောင်များမှာ ဗိုလ်ချုပ်ထွန်းအောင် (စစ်ဦးစီးအရာရှိချုပ် - လေ)၊ ဗိုလ်ချုပ်မိုးမြင့်ထွန်း (နေပြည်တော်အခြေစိုက် ကာကွယ်ရေးဌာန စစ်ဆင်ရေးအထူးအဖွဲ့ အမှတ် ၆ ၏ အကြီးအကဲဖြစ်သူ) နှင့် ဗိုလ်ချုပ်မိုးအောင် (စစ်ဦးစီးအရာရှိချုပ် - ရေ) တို့ဖြစ်ကြသည်။ ဗိုလ်ချုပ်မိုးအောင်သည် ကွယ်လွန်သွားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဦးအောင်သောင်း၏သားဖြစ်ပြီး အိုင်ဂျီအီးကုမ္ပဏီအုပ်စု ပိုင်ရှင်များ ဖြစ်သော အဓိက ခရိုနီများဖြစ်သည့် နေအောင်၊ ပြည်အောင် တို့နှင့် ညီအစ်ကို တော်စပ်သည်။

**<u>Justice For Myanmar</u>** သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

စစ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၏ ဒါရိုက်တာများ၏ အများသိရာထူးတာဝန်များ အပါအဝင် စစ်တပ်ပိုင်လုပ်ငန်းစုများ၏ အုပ်ချုပ်မှု ဖွဲ့စည်းပုံကို သိရှိလိုလျှင် - **<u>ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင်အစီရင်ခံစာ</u>** **<u>(မြန်မာစစ်တပ်၏စီးပွားရေးအကျိုးအမြတ်များ)</u>** တွင်ကြည့်ရှုနိုင်ပါသည်။

**ထပ်မံသိရှိလိုပါက -**

JUSTICE FOR MYANMAR

**ရတနာမောင်**


အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/